ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# (၂၁) ရာစုပင်လုံညီလာခံဒုတိယအစည်းအဝေးနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၁၇ ခုနှစ်၊ မေလ (၂၃) ရက်

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (တိုးချဲ့) အစည်းအဝေးတစ်ရပ်ကို ၂၀၁၇ ခုနှစ်၊ မေလ (၂၂) ရက်မှ (၂၃) ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် လက်ရှိမြန်မာပြည်ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် နိုင်ငံရေးဆွေးနွေးမှုဖြစ်စဉ်တို့အပါအဝင် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး၊ (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

၁။ မြန်မာပြည်အတွင်း နှစ်ပေါင်း (၇၀) နီးပါးဖြစ်ပွားနေသော ပြည်တွင်းစစ်သည် နိုင်ငံရေးပြဿနာကို အခြေခံသည်ဖြစ်သောကြောင့် နိုင်ငံရေးနည်းလမ်းဖြင့် ညှိနှိုင်းအဖြေရှာရေးမူအပေါ် အခိုင်အမာရပ်တည်လျှက် UNFC အနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) မှတဆင့် အနှစ်သာရနှင့် အဓိပ္ပါယ်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးပွဲသို့ တက်လှမ်းရန် ကြိုးပမ်းလျှက်ရှိပါသည်။

၂။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဖြင့်တက်လာသော ဦးသိန်းစိန်အစိုးရလက်ထက်တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းကော်မတီ (UPWC) တို့အနေဖြင့် NCA ကို ပူးတွဲပြုစုနိုင်ခဲ့သော်လည်း အားလုံးပါဝင်ခွင့်မပြုခဲ့သည့်အတွက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအဆင့်သို့ မတက်လှမ်းနိုင်သေးသကဲ့သို့ တန်းတူရည်တူ ဂုဏ်သိက္ခာ ရှိသည့် အဓိပ္ပါယ်ရှိသောနိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများလည်း ယနေ့တိုင် မဖော်ဆောင်နိုင်သေးပေ။

၃။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလရွေးကောက်ပွဲတွင်အနိုင်ရရှိပြီး အစိုးရဖြစ်လာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရလက်ထက်တွင်လည်း နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) အနေဖြင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်တွေ့ကျကျ ဖြစ်ပေါ်စေရန် နှင့် NCA ပိုမိုခိုင်မာစေရေး အဆိုပြုချက် (၉)ချက်ကို တရားဝင် ညှိနှိုင်းလာခဲ့သည်မှာ တစ်နှစ်ကျော်လာခဲ့ပြီဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ ဇွန်လ-ဇူလိုင်လများတွင် NLD အစိုးရ၏ ၂၁-ရာစုပင်လုံညီလာခံကျင်းပရေးဆပ်ကော်မတီ(၂)နှင့် DPN တို့ကြားတွင် တရားဝင် (၃) ကြိမ်၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ပြန်လည်သုံးသပ်အစည်းအဝေး (၂) ကြိမ်၊ အလွတ်သဘော (၂) ကြိမ် တွေ့ဆုံဆွေးနွေးအဖြေရှာခဲ့ပါသည်။ ထိုမှတဆင့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ၂၁-ရာစုပင်လုံညီလာခံ ပထမအစည်းအဝေးသို့ ညီလာခံတက်ရောက်သူများအဖြစ် တန်းတူရည်တူ အခွင့်အကျင်းရှိသည့်အပေါ် အတူတကွ ပူးပေါင်းပါဝင်တက်ရောက်၍ တင်ပြဆွေးနွေးခဲ့ပါသည်။

၄။ ၂၁-ရာစုပင်လုံညီလာခံ ပထမအစည်းအဝေးပြီးနောက် NLD အစိုးရမှ အသစ်တဖန်ဖွဲ့စည်းတာဝန်ပေးအပ် လာသော ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် DPN တို့အကြား ပြည်တွင်း၊ ပြည်ပတွင် တရားဝင် (၅)ကြိမ်၊ အလွတ်သဘော (၁)ကြိမ် ရင်းနှီးပွင့်လင်းစွာဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ ၂၀၁၇ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် DPN တို့အကြား တွေ့ဆုံဆွေးနွေးပွဲ၌ DPN အဆိုပြုချက် (၉)ချက် သဘောတူညီမှုရရှိပါက NCA လက်မှတ်ရေးထိုးနိုင်ရေးမတိုင်မီ နှစ်ဘက်အပြန်အလှန် ကတိကဝတ်ပြုချက် (Deed of Commitment - DoC) တစ်ခုပြုလုပ်သွားရန် တူညီသောသဘောထားရှိခဲ့ကြပါသည်။

သို့ရာတွင် DPN မှ အဆိုပြုချက် (၉) ချက်မှာ ယနေ့ထိတိုင် ညှိနှိုင်းသဘောတူညီမှုမရရှိသေးသဖြင့် (Deed of Commitment - DoC) လက်မှတ်ရေးထိုးနိုင်ရေးအဆင့်သို့ မတက်လှမ်းနိုင်ဖြစ်နေရပါသည်။

၅။ ဤအခြေအနေအောက်တွင် ၂၁-ရာစုပင်လုံညီလာခံ ဒုတိယအစည်းအဝေးသို့ တန်းတူရည်တူ ပါဝင်တက်ရောက်ဆွေးနွေးဆုံးဖြတ်နိုင်ရန်အတွက် DoC နှင့် NCA တို့ကို လက်မှတ်ရေးထိုးမှသာ တန်းတူရည်တူတက်ရောက်ခွင့်ရရှိမည်ဟု (၁၂-၅-၂၀၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) မှ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။ ထို့နောက် (၁၈-၅-၂၀၁၇) ရက်နေ့တွင် "အထူးဖိတ်ကြားသူ" အဖြစ် တက်ရောက်နိုင်ပါရန် UNFC အဖွဲ့ဝင်အဖွဲ့အစည်းများသို့ DPN မှတဆင့် ဖိတ်ကြားစာပေးပို့လာခဲ့ပါသည်။

၆။ တန်းတူရည်တူ ပါဝင်ဆွေးနွေးဆုံးဖြတ်ပိုင်ခွင့်မရှိသော "အထူးဖိတ်ကြားသူ" အဆင့်အနေအထားဖြင့်သာ ဖိတ်ကြားလာသဖြင့် မိမိတို့ UNFC အနေဖြင့် ပါဝင်တက်ရောက်သွားနိုင်တော့မည်မဟုတ်ပါ။

၇။ ပင်လုံမူ၊ ပင်လုံစိတ်ဓါတ် ၊ ပင်လုံကတိကဝတ်တို့နှင့်အညီ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အမျိုးသားပြည်နယ်များကိုအခြေခံသော စစ်မှန်သည့်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးသို့ ဦးတည်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို UNFC အနေဖြင့် ကြိုဆိုထောက်ခံ ဝိုင်းရံပံ့ပိုးသွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)

<u>**ဆက်သွယ်ရန်**</u>


*နိုင်ဟံသာ - ဒုတိယဥက္ကဋ္ဌ ဖုန်း - +66(0)80-503-0849*
*ခူဦးရယ် - အထွေထွေအတွင်းရေးမှူး ဖုန်း - +66(0)84-805-1344*